# ပါရမီမြောက်တဲ့ ဒါန

အရှင်ကေလာသ
စက်တင်ဘာ ၂၀၊ ၂၀၁၅။

---

အရှင်ဘုရား၊ သာဝကပါရမီ ပြည့်စုံရေးအတွက် ဒါနပါရမီကို ဖြည့်ကျင့်ရာတွင် ပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူသင့် မလှူသင့် သိလိုပါသည် အရှင် ဘုရား။ ပဋ္ဌာနသမ္ဘိဒါမဂ် အဋ္ဌကထာ၏ အဖွင့်ဋီကာကျမ်း ရှိ မရှိလည်း သိလိုပါသည် အရှင်ဘုရား။

Life May Ye

---

## ဒါနနဲ့ ပါရမီ

ဒါနနဲ့ ပါရမီကို ခွဲပြီး နားလည်သင့်တယ် .. 'ဒါနဟူသည် သတ္တဝါတို့အား ဘေးအန္တရာယ် ကင်းစေခြင်း၊ သတ္တဝါတို့၏ အသက်စည်းစိမ် အိုးအိမ်ကို သတ်ဖြတ် လုယက် ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သတ္တဝါတို့အား ဘေးရန်အမျိုးမျိုးမှ ကာကွယ် စောင့်ရှောက်ခြင်းပင် ဖြစ်၏ (စရိယာပိဋက–ဋ္ဌ၊ ၂၉၇)'။ ဒါကြောင့် ဒါနဆိုတာ ပေးကမ်းရုံ လှူဒါန်းရုံ သက်သက်မျှ မဟုတ်ဘူး။ ဖော်ပြပါ စရိယာပိဋကကျမ်းရဲ့ အဖွင့်အရ ဒါနလို့ဆိုရင် အဲဒီအဓိပ္ပာယ်တွေလည်း ပါတယ်လို့ အရင် နားလည်ပါ။

'တဏှာမာနဒိဋ္ဌိ မဖြစ်စေဘဲ သတ္တဝါတို့အပေါ် သနားခြင်း၊ နည်းလမ်း ကျွမ်းကျင်ခြင်း ရှေ့သွားပြုပြီး ဆောင်ရွက်သည့် ပေးကမ်းခြင်း စသော ဂုဏ်ကျေးဇူးများသည် ပါရမီမည်၏ (စရိယာပိဋက–ဋ္ဌ၊ ၂၆၉)'။ 'ကရုဏာ (သနားခြင်း)နှင့် ဥပါယကောသလ္လဉာဏ် (နည်းလမ်း ကျွမ်းကျင်မှု) ခြံရံမှ ဒါနသည် ပါရမီ မြောက်ပြီး မခြံလျှင် ပါရမီ မမြောက် (သီ–ဋီ–သစ် ၁၊ ၂၅၂)'။ အဲဒီ စာတွေအရ မိမိပြုလုပ်တဲ့ ဒါနမှာ တဏှာ (အလှူဝတ္ထု၊ အလှူခံကို) တပ်မက်ခြင်း၊ မာန (အဲဒါတွေကို အကြောင်း ပြုပြီး) ထောင်လွှား ဝင့်ကြွားခြင်း၊ ဒိဋ္ဌိ (အဲဒါတွေကိုပဲ အကြောင်းပြုပြီး အမြင်မှားခြင်း)တွေ မပါမှ ပါရမီမြောက်တယ်။

တစ်နည်း 'ဂုဏ်ရှိသော ပုဂ္ဂိုလ်ကိုသာ ရှာဖွေ၍ မလှူဒါန်းဘဲ ကရုဏာသက်ဖွယ် (သနားစဖွယ်) ကောင်းသော ဒုက္ခိတသတ္တဝါအားသော်လည်း အလှူကြီးကို ပေးလှူသင့်၏ (သံ–ဋီ ၁၊ ၁၉၈)'ဆိုတဲ့ ဋီကာဆရာကြီး အရှင်မဟာဓမ္မပါလရဲ့ စကားကို နားထောင်ပြီး ကျယ်ပြန့်တဲ့ လူသား ပီသတဲ့ အမြင်နဲ့ ပဂ္ဂိုလ် လူမျိုးမရွေး အလှူဒါနပြုရင် ပါရမီမြောက်တယ်။

## သုမေဓာ့ အကြံ

ဒါနပါရမီကို ဖြည့်ကျင့်မယ်လို့ ကြံစည်ပြီး ဘုရားလောင်း သုမေဓာဟာ 'အယုတ် အလတ် အမြတ် ဖြစ်ကုန်သော အလှူခံ ပုဂ္ဂိုလ်တို့ကို မြင်လျှင် အောက်သို့ မျက်နှာပြုထားသော အိုးကဲ့သို့ (အိတ်သွန် ဖာမှောက်) အကြွင်းမဲ့ ဒါနဝတ္ထုကို လှူလော့ (ဗုဒ္ဓ ဝံသ၊ ၁၁၉–ဂါထာ)'လို့ မိမိကိုယ်ကို ဆုံးမတော်မူပါတယ်။ ဒါကြောင့် ဘုရားလောင်းတို့ ကျင့်ကြံတဲ့ ပါရမီမြောက်အောင် ဒါနပြုပုံမှာ ပုဂ္ဂိုလ်ကို မရွေးချယ်ပါဘူး။

ပါရမီဆိုတဲ့ စကားလုံးအတွက် အဓိပ္ပာယ် ဖွင့်ဆိုပြီးသား ဖြစ်လို့ သာဝကဖြစ်ဖို့ ဖြည့်ဆည်းတဲ့ ပါရမီဖြစ်စေ ဗုဒ္ဓဖြစ်လာဖို့ ရည်ရွယ်တဲ့ ပါရမီ ဖြစ်စေ၊ ပါရမီ မြောက်ဖို့ဆိုရင် ပုဂ္ဂိုလ် ရွေးချယ်ခြင်း မရှိရဘူးလို့ ယူသင့်ပါတယ်။

## မဆန့်ကျင်

'ဝိစေယျ ဒါနံ ဒါတဗ္ဗံ = ပုဂ္ဂိုလ်ကို ရွေးချယ်ပြီး လှူရမယ်'လို့လည်း ဘုရားဟော ရှိတယ် မဟုတ်လားလို့ မေးရင် မင်းကွန်း တိပိဋကရဲ ဆရာတော်ကြီး ဖြေဆိုပုံက 'အလှူခံ အယုတ် အလတ် အမြတ် မရွေးဆိုတဲ့ ဗုဒ္ဓဝင် ပါဠိတော်စကားက ဗုဒ္ဓ လောင်းလျာများအတွက် ဖြစ်ပြီး ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်လာ အလှူခံ ပုဂ္ဂိုလ်တွေကို အဆင့် သတ်မှတ်ပြီး ခွဲခြားတာက သာမန် နတ်လူတို့အတွက် ရည်ရွယ် ဟောတော်မူခြင်း ဖြစ်သောကြောင့် ဆန့်ကျင်မှု မရှိ (မဟာဗုဒ္ဓဝင် အနုဒီပနီ၊ တွဲ ၁၊ စာ–ဧ)'တဲ့။

မစိုးရိမ်ဆရာတော်ကြီး ဖြေပုံက .. 'အဲဒါက ဉာဏ်နုသူ များအတွက် ဟောထားတဲ့ တရားပဲ။ ဉာဏ်ရင့်သူတွေ ဆိုတာက လယ်လုပ် တတ်သူနဲ့ တူတယ်။ လယ်လုပ်တတ်သူဟာ မြေဩဇာ ကောင်းတဲ့ နေရာစိုက်စိုက် မြေဩဇာ မကောင်းတဲ့ နေရာစိုက်စိုက် နောက်ဆုံး တောင်ထိပ်တက်ပြီး လယ်လုပ်အုံး အသီးနှံထွက်လာတာပဲ။ ဒါကြောင့် လယ်လုပ် တတ်သူအဖို့ မြေနေရာရွေးဖို့ မလိုဘူး။ ဉာဏ်နုသူတွေကတော့ လယ်မလုပ် တတ်သူနဲ့တူတယ်။ လယ်မလုပ်တတ်သူဟာ မြေဩဇာ ကောင်းတဲ့ နေရာကို ရွေး ချယ်ပြီးလုပ်မှ အသီးအနှံ ရတယ်။ ဒါကြောင့် လှူတဲ့တန်းတဲ့နေရာမှာ ပုဂ္ဂိုလ်ရွေးချယ်ပြီး လှူကြဖို့ ဝိစေယျ ဒါနံ ဒါတဗ္ဗံ–ကို ဟောတာဘဲ (ဘဒ္ဒန္တသူရိယာဘိ ဝံသထေရုပ္ပတ္တိကထာ၊ စာ–၁၁၅)' လို့ ဖြစ်ပါတယ်။

## ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို ဖွင့်တဲ့ ဋီကာကျမ်း မရှိပါ။ ဒါ ကြောင့် ရဟန်းတစ်ပါး အနေနဲ့ အစိုးရ ပါဠိပါရဂူစာမေးပွဲ ဖြေ လိုရင် ဒီအဋ္ဌကထာကျမ်းကို ရွေးရင် သက်သာ လွယ်ကူဖွယ် ရှိပတယ်။ ဋီကာလို ပါဠိဘာသာ အဖွင့်ကျမ်း ဖြစ်တဲ့ 'ပဋိသမ္ဘိဒါ မဂ္ဂဂဏ္ဌိ' ဆိုတာတော့ ရှိတယ်။ ပိဋကတ်တော် သမိုင်းအရ သီဟိုဠ် ဘုရင်ပရက္ကမဗာဟု မင်း လက်ထက် အရှင်ဝါစိဿရထေရ် ရေးကြောင်း ဆိုပေမယ့် ဒီအဆိုကို စိစစ်ဖို့ လိုသေးတယ်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာ ပေထုပ်အမှတ် ၉၃၆၀ နဲ့ ၉၂၅၁ ကို ကျမ်းပြုပုဂ္ဂိုလ် ခွဲခြားထားပေမယ့် အမှန်မှာ တစ်ကျမ်းတည်း အတူတူသာ ဖြစ်ပါတယ်။ နိဂုံးမှာ ရေးသူအမည် မဖော်ပြ။ တိပိဋကပါဠိမြန်မာအဘိဓာန်၊ အတွဲ–၁၄ (စာ ၁၆၀)မှာ ကိုးကားပုံအရ ပုံနှိပ်မှုရှိပုံရတယ်။ မတွေ့ဖူးပါ။ ပေမူကိုတော့ www.kelasa.org ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ❒